ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

(၃၂)ရက်မြောက်နေ့ အစီအစဉ်

[ ၂၅-၅- ၂၀၁၆ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး (၃၂)ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးမြင့်ထွန်း၊ တန့်ဆည် မဲဆန္ဒနယ်၏ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ် ဝက်တိုးကျေးရွာအနီးရှိ ဝက်တိုးစိုက်ကွင်း မြေဧက (၄၀၀၀)နီးပါးကို ယခုအခါမှာ မည်သို့မည်ပုံ လုပ်ကိုင်ဆောင်ရွက် နေကြောင်းနှင့် မအောင်မမြင်ဖြစ်နေပြီး အကျိုးမရှိ ဖြစ်နေပါက နိုင်ငံတော် အကျိုးရှိအောင်၊ ဒေသခံပြည်သူများ အကျိုးရှိအောင်၊ သိမ်းဆည်းခံ လယ်သမားများအကျိုးရှိအောင် မည်သို့မည်ပုံ ဆက်လက် ဆောင်ရွက် မည်ဖြစ်ကြောင်းကို သိလိုခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်နိုင်(ခ) ဦးနိုင်ငံကျော်၊ မိုးကုတ် မဲဆန္ဒနယ်၏ ယခင်လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နိုင်ငံတော်သမ္မတကြီး

ဦးသိန်းစိန်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဖွံ့ဖြိုးမှုရန်ပုံငွေဖြင့် မိုးကုတ်မြို့ရှိ အင်းကြီးအား ပြုပြင်တည် ဆောက်ခြင်းလုပ်ငန်း ပြီးပြတ်မှုမရှိသေးသည်ကို ဆက်လက် ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ သာစည်မြို့နယ်အတွင်းရှိ သာစည်– ညောင်ရမ်း ဆက်သွယ်ထားသော ကျောက်ချော လမ်းမကြီးအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ် ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့သော "ပြည်သူ့ ကောင်စီ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့သော "နိုင်ငံတော် ကောင်စီ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး (၃၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၃)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။